ဇီးကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇီးကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁
စကားချီး ၄
ဇီးကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်း မြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၉
(က) လူဦးရေဆိုင်ရာအချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ရှိလက်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦ –လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်
ကျသောချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့ အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** **၂၉**
(၁) လူမှုစီးပွားရေးအခြေအနေ
ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသောရောဂါများ
ဇယား ၃၂ ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားများနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၅၉
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများနှင့် စိန်ခေါ်မှုများ ၆၀

**နောက်ဆက်တွဲ (၃) ဇီးကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်** ၆၁
ဇယား (၄၅ ) ဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၆၉
**အပိုင်း (ခ)** ၇၀
စီမံကိန်းဆိုင်ရာအချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇီးကုန်းကျေးရွာ
မိုးညှင်းမြို့နယ်
ကချင်ပြည်နယ်

## ဇီးကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်




ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် တစ်အိမ်တက်ဆင်းကောက်ယူခဲ့သော အခြေခံစာရင်းများမှရရှိသော သတင်းအချက်အလက်များ (၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သောငင်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့် ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဇီးကုန်းရွာသည် ဟိုပင်မြို့နှင့် (၉)မိုင်၊ မိုးညှင်းမြို့နှင့် (၂၂)မိုင်ကွာဝေးပြီး ဟိုပင်–မိုးညှင်းအဝေးပြေး ကားလမ်းမ၏ ချဉ်းကပ်လမ်းတစ်ခုလည်ဖြစ်သည့် ဇီးကုန်း– နန့်မားကွင်းကြီး ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိသော ရွာတစ်ရွာဖြစ်သည်။ ရွာ၏အရှေ့ဘက်နှင့် တောင်ဘက်တွင် နန့်မားကြိုးဝိုင်းရှိပြီး၊ အနောက်ဘက်တွင် အင်းတော်ကြီးအင်း၊ မြောက်ဘက်တွင် ဇီးကုန်းချောင်း ရှိသည်။ ၂၀၁၅ခုနှစ် မိုးရေချိန်မှတ်တမ်းအရသည်ဒေသ၏ တစ်နှစ်ရွာသော ပျမ်းမျှ မိုးရေချိန်မှာ (၇၀.၆၂) လက်မရှိသည်။ မိုးရွာသွန်သောရက်ပေါင်း (၁၀၉)ရက်ရှိသည်။ တောထူထပ်သော တောင်တန်းဖြစ်သဖြင့် သစ်တောထွက်ပစ္စည်းများနှင့် သစ်များထုတ်လုပ်နိုင်သည်။ ရွာတွင် နန့်မားတောင်ရှိပြီး တောင်မှကျလာသောရေများသည်၊ ဇီးကုန်းချောင်းနှင့် ဆူပုပ်ချောင်းသို့ စီးဝင်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွာ၏အရှေ့ဘက်တွင် နန့်မားကြိုးဝိုင်းရှိပြီး ကျေးရွာပိုင်သစ်တောမြေများ ပိုင်ဆိုင်မှုရရှိရန် လျှောက်ထားကြဆဲဖြစ်သည်။ ရွာမြောက်ဘက်တွင် ကွေ့ဝိုက်စီးဆင်းနေသော ဇီးကုန်းချောင်းရှိပြီး နီးသောလယ်များမှာ စိုက်ပျိုးရေနှင့် အိမ်ဆောက်စမ်းကျောက်များ ရရှိသဖြင့် ရွာသားများ ကျောက်စုပုံ၍ ရောင်းချကြသည်ကို တွေ့ရှိရသည်။

## (၃) လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်လက်များ

ဇီးကုန်းကျေးရွာတွင်ရှမ်းနီလူမျိုးများအများဆုံးနေထိုင်ပြီး ကရင်၊ ကချင်စသည့် တိုင်းရင်းသားများလည်း အနည်းငယ်နေထိုင်ကြပါသည်။ အိမ်ထောင်စု (၁၂၈)တွင် စုစုပေါင်းလူဦးရေ (၇၃၁) တွင် အလုပ်လုပ်နိုင်သူဦးရေ ရာခိုင်နှုန်းအားဖြင့် (၆၇)ရှိသည်။ လယ်၊ ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော အိမ်ထောင်စု (၄၀)ရာခိုင်နှုန်းရှိပြီး၊ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စု (၆၀) ရာခိုင်နှုန်းရှိသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်ထောင်စု (၁၂၈)စုတွင် အဆင်ပြေသောအိမ်ထောင်စု(၂၂)စုသည် လယ်(၁၂)ဧက အထက် ပိုင်ဆိုင်သည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၇)စုသည် လယ် (၅)ဧကအထက် ပိုင်ဆိုင်သည်။ ဆင်းရဲသောအိမ်ထောင်စု (၃၇)စုသည် (၄)ဧကအောက်ပိုင်ဆိုင်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု (၅၂)စုမှာမူ အိမ်ခြံမြေသာရှိကြသည်။

အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စပါးနှင့် ပဲပုတ်များကို စိုက်ပျိုးကြသည်။ ကုန်စည်ဒိုင်များမရှိသဖြင့် ကုန်သည်ပွဲစားများ၏ ဆိုဈေးဖြင့်သာ ရောင်းကြရ၍ တောင်သူများမှာ အမြတ်ငွေနည်းပါးစွာသာရရှိကြသည်။ မြေမဲ့ယာမဲ့ ဆင်းရဲသားများမှာ ရာသီလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမြေထွန်ယက်ခြင်း၊ စပါးပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ပဲပုတ်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အဓိကအသက်မွေးကြရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှု အခြေအနေများကိုစစ်တမ်းကောက်ယူခဲ့ရာမှ လယ်ငှားလုပ်ကိုင်ခြင်း၊ ကျောက်ကောက်ရောင်းခြင်း၊ ဟင်းသီးဟင်းရွက် ခူးရောင်းခြင်း၊ စပါးစိုက်ခြင်း၊ စပါးရိတ်ခြင်း၊ ဈေးရောင်းခြင်း၊ နေ့စားလုပ်ကိုင်ခြင်း၊ ထွန်စက်ငှားမောင်းခြင်း၊ မွေးမြူရေး တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခြင်း၊ နွားထက် ဝက်စားမွေးခြင်းစသည့်တို့လုပ်ကိုင်ကြပါသည်။ အချို့မှာ ရွာအတွင်း လုပ်ငန်းအခွင့်အလမ်းမရှိသော ကာလများတွင် ကျောက်မော်ထဲသို့သွားရောက်လုပ်ကိုင်ကြသည်။ဝမ်းစာဖူလုံခြင်းမရှိ၍ လိုအပ်ပါက ဆွေးမျိုးနီးစပ်များထံမှ ငွေချေးယူခြင်း၊ စပါးစိမ်းယူခြင်း၊ ငွေတိုးချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။

မူးယစ်ဆေးဝါး အန္တရာယ်သည်လူငယ်များကို ခြိမ်းခြောက်နေလျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျန်းမာရေး ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ရွာအတွင်းမူးယစ်ဆေးဝါးသုံးစွဲနေမှုများရှိသဖြင့် အဖမ်းခံရခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါ ရရှိခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ အိမ်ထောင်ဦးစီးနှင့် လူငယ်လူရွယ်များဖြင့်၍ အလုပ်အကိုင်ပျက်ခြင်းကြောင့် စီးပွားပျက်ခြင်း၊ အသက်အန္တရာယ်ထိခိုက်မှုအထိ ဖြစ်ပွားခဲ့ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

အေအိုင်ဒီအက်စ်ရောဂါဆေးသောက်သူ(၃)ဦးရှိပါသည်။ လူနာများသည်ဟိုပင်မြို့ရှိ AZG အဖွဲ့ထံမှ ဆေးများကို လစဉ်ထုတ်ယူ သောက်သုံးနေလျက်ရှိပါသည်။ ဇီးကုန်းကျေးရွာတွင်၊ အရံသားဖွားတစ်ဦးနှင့် အရပ်လက်သည်တစ်ဦးရှိပါသည်။ နှာစေးချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျားရောဂါ အနည်းငယ်ဖြစ်တတ်ပါသည်။ ဇီးကုန်းကျေးရွာ၏ အုပ်စုရွာဖြစ်သည့် ခုနှစ်မိုင်ကျေးရွာအုပ်စုတွင်၊ ကျေးလက်ကျန်းမာရေးဌာနမရှိသည့်အတွက် အရေးပေါ် ကျန်းမာရေးအခြေအနေဖြစ်ပါက၊ (၂၂)မိုင် ကွာဝေးသောမိုးညှင်းမြို့သို့သွားရသဖြင့်၊အချို့မှာ လမ်းတွင်ပင် ကလေးမွေးခြင်း၊ ဒဏ်ရာသွေးထွက်လွန်၍ သေဆုံးခြင်းများကြုံရသဖြင့် အုပ်စုကျေးရွာတွင် ကျေးရွာကျန်းမာရေးဆေးပေးခန်းခွဲလိုအပ်နေပါသည်။ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များလိုအပ်နေသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ မူလတန်းပညာရေးပြီးဆုံးသူဦးရေ (၅၄)ရာခိုင်နှုန်းရှိသည်။ အလယ်တန်းပြီးဆုံးသူဦးရေမှာ(၉)ရာခိုင်နှုန်းသာရှိသည်။ အဘယ်ကြောင့်ဆိုသော် ရွာတွင်မူလွန်ကျောင်းကို ယခင်ကသင်ကြားခွင့်မရရှိသေးခြင်းကြောင့် အနီးနားရွာသို့ ဘော်ဒါဆောင် သွားနေကြရသည်။ မိဘများအနေနှင့် ပညာသင်စရိတ်မတတ်နိုင်ခြင်း တို့ကြောင့် ပညာဆက်လက်သင်ယူခြင်းအလွန်နည်းခဲ့သည်။ ယခုအခါ မူလွန်ပညာရေး သင်ကြားခွင့်ရလာသဖြင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသားဦးရေများ တိုးတက်လာပြီးဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာလူထုအကြား ကျားမညီမျှရေးအခြေအနေများမှာ တည်ငြိမ်မှုရှိသည်ဟု ထင်ရနိုင်ပါ သည်။ မိသားစုအတွင်း အမျိုးသား အမျိုးသမီးများတွင် လွတ်လပ်သော လုပ်ပိုင်ခွင့်များရှိသည်ကိုတွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှုပြဿနာများမရှိပါ။

အမျိုးသမီးနှင့် အမျိုးသားငယ်များတွင် တန်းတူပညာသင်ခွင့်၊ လေ့လာသင်ယူခွင့်နှင့် အခြား

အရပ်သို့ သွားရောက်အလုပ်လုပ်ကိုင်ခွင့်များရှိသည်။ လူမှုစံသတ်မှတ်မှုများအရ အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်မှုနည်းပါးသည်ကိုတွေ့ရသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျား/မညီမျှရေးနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့သည် ဆက်နွယ်နေကြောင်းကို မိသားစုဝင်များနှင့် ရွာသူ/သားများ နားလည်ယုံကြည်မှုရှိကြသည်။

## (၄) ကဏ္ဍအသီးသီး၏ ရှိလက်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ အပျိုလူပျိုအဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပအဖွဲ့အစည်းများ လာရောက်ဖွဲ့စည်းထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မေတ္တာဖောင်ဒေးရှင်း၏ပံ့ပိုးမှုဖြင့် ဝက်ဘဏ်အဖွဲ့၊ စပါးဘဏ်အဖွဲ့နှင့် ကလေးသူငယ်ဖွံ့ဖြိုးရေးအဖွဲ့တို့ရှိသော်လည်း ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်း စည်းရုံးဆော်ဩပေးသည့် အဖွဲ့အစည်းများ မရှိသေးပေ။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

စပါးကို အဓိကစိုက်ပျိုးပြီး၊ ပဲပုပ်နှင့်မြေပဲကို ဒုတိယသီးနှံအဖြစ် စိုက်ပျိုးကြသည်။ မြေပဲနှင့်ပဲပုပ်ကို မိုးချိန်တွင် ယာခင်းများ၌စိုက်ပျိုးပြီး၊ စပါးရိတ်သိမ်းပြီးချိန်တွင် လယ်ထဲတွင် စိုက်ပျိုးကြပါသည်။ မြေပဲအားဆီစားသုံးရန် အတွက်သာစိုက်ကြပြီးပိုလျှံမှသာ ရောင်းကြသည်။

စိုက်ပျိုးရေကို ဇီးကုန်းချောင်းနှင့်နီးသောနေရာရှိ လယ်သမားများစုပေါင်း၍ ချောင်းကိုပိတ်ပြီး၊ လယ်ရေသွင်းကြပါသည်။ ၎င်းဆည်မှ ဇီးကုန်းလယ်ဧက(၁၀၀)သာ ရေရရှိသဖြင့် ဇီးကုန်းကျေးရွာရှိ လယ်အများစုမှာ စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။ ချောင်းနှင့်ဝေးသောလယ်ဧက (၄၀၀) ကျော်မှာ မိုးရေကိုသာအားထားရသဖြင့် မိုးဦးနောက်ကျသော နှစ်များနှင့်မိုးနှောင်းမကောင်းသောနှစ်များတွင် စပါးအောင်ရေမရ၍ သီးနှံများအထွက်နှုန်းကျဆင်းပါသည်။ ဇီးကုန်းလယ်သမားများ အနေနှင်လယ်မြေများမှာ တစ်ဆက်တစ်စပ်တည်းမရှိသဖြင့် စိုက်ပျိုးရေရရှိရန်အတွက် ငါးပေါက်တွင်း (ခေါ်) အဝီစိတွင်းတူးခြင်း ဆောင်ရွက်မှသာလျှင် အဆင်ပြေမည်ဖြစ်သည်။

လယ်မြေဧကအားလုံးတပြိုင်တည်း ထွန်ယက်စိုက်ပျိုးရန်အတွက် လက်တွန်းထွန်စက် (၂၇) လုံးသာရှိသဖြင့်စိုက်ပျိုးချိန်အမီငှားမရပါ ။ စိုက်နောက်ကျပါက စပါးအောင်ရေဝေကြရသဖြင့် အထွက်နှုန်းကို ထိခိုက်ခြင်းစသည့်အခက်အခဲများနှင့် ကြုံရပါသည်။ ထို့ကြောင့်စိုက်ပျိုးချိန်မီ ပြီးစီးရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်ရန်အတွက်၊ အရည်အသွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများအား သက်သာသောဈေးနှုန်းဖြင့် အရစ်ကျ ဖြန့်ဖြူးရောင်းချခြင်း ဝန်ဆောင်မှုများလိုအပ်နေသည်။

နွား၊ ကျွဲ၊ ကြက်၊ ဝက်စသည့် တိရစ္ဆာန်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (၁၂၂) အိမ်ထောင်စုရှိပြီး ဒေသကြက်ကို မွေးမြူသော အိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ ဆောင်းရာသီနှင့် နွေရာသီတွင် ရေရှားပါးသဖြင့် ဥစားဘဲ မွေးမြူရန် မလွယ်ကူပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

သီးနှံစိုက်ပျိုးချိန်တွင် လက်တွန်းထွန်စက် အငှားလိုက်ခြင်းနှင့် လယ်ယာနေ့စား လုပ်ကိုင်ကြသည်။ ရာသီလုပ်ငန်းခွင် ပြီးဆုံးသွားချိန်တွင် လမ်းခင်းကျောက်ကောက်ရောင်းခြင်း၊ မော်ထဲသွား၍နေ့စား၊ လစားလုပ်ကိုင်ကြသည်။ အခြားဝင်ငွေရလုပ်ငန်းများဖြစ်သည့် စပါး၊ ပဲပုပ်၊ မြေပဲများကိုဝယ်ရောင်းပွဲစားလုပ်ကိုင်သည်။ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားခြင်းနှင့် ပစ္စည်းထားသိုရန်နေရာမရှိခြင်းကြောင့် ရွာသို့လာရောက်ဝယ်ယူသော ကုန်သည်ပွဲစားများ၏ ခေါင်းပုံဖြတ်မှုခံရသည်။ မိုးညှင်းမြို့နှင့် ဟိုပင်မြို့တို့တွင် ကုန်စည်ဒိုင်များ ရှိရန်လိုအပ်ပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

ယာမြေ(၁၂၃)ဧကမှာ နန်းမားကြိုးဝိုင်းအတွင်းတွင်ရှိပြီး လုပ်ပိုင်ခွင့်စာအုပ်ရှိသော်လည်း ပိုင်ဆိုင်ခွင့်မရသဖြင့် အချိန်မရွေးပြန်လည်ဆုံးရှုံးနိုင်ပါသည်။ စိမ်းလန်းစိုပြေအဖွဲ့မှ ကျေးရွာပိုင်သစ်တောအဖြစ် နန်းမားကြိုးဝိုင်းအတွင်း ထိန်းသိမ်းတော (၂၀၀)ဧက၊ ပြုစုတော (၂၀၀)ဧက၊ စိုက်ပျိုးတော(၂၅၀)၊ ပြုလုပ်ထားပြီး၊ ကျန်စိုက်ပျိုးရန်ရှိနေသော (၂၅၀) ဧကတို့ဖြစ်ကာ စုစုပေါင်းဧက (၉၀၀)အားကျေးရွာပိုင်သစ်တောအဖြစ်ရရှိရန်ဆောင်ရွက်လျက်ရှိပါသည်။ ပိုင်ဆိုင်ခွင့်ရရှိရန်လည်း လျှောက်ထားဆဲဖြစ်ပါသည်။ ဓါးကုန်းချောင်းနှင့်ဆူးပုပ်ချောင်းတို့မှ အိမ်ဆောက်ကျောက်များ စုပုံ၍ရောင်းချကြသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်ပိုင်ရှင်နှင့် အဖွဲ့ဝင်များသာ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝယမအသင်းတို့မှ ချေးငွေများကို ချေးယူခွင့်ရရှိသည်။ လယ်ငှားလုပ်ကိုင်ကြသူများ၊ ပြေစာမရှိသူများမှာ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေမရရှိပါ အဘယ်ကြောင့်ဆိုသော် လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) မရှိသောကြောင့်ဖြစ်သည်။ လယ်ပိုင်ရှိသူများအရေးပေါ်ငွေလိုအပ်မှုအတွက် စပါးစိမ်းကို တစ်တင်းနှုန်းယူ နှစ်တင်းနှုန်းပြန်ပေးဆပ်သည့်စနစ်ဖြင့် ချေးယူကြသည်။ ငွေတိုးပေးသူများထံမှ ငွေတစ်ရာကျပ်လျှင် တစ်လအတိုးနှုန်း (၃) ကျပ်ဖြင့် ငွေချေးကြသည် အလုပ်အကိုင်မကောင်းသောသူများ ချေးယူ၍မရပါ။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာတွင်မူလတန်းကျောင်းနှင့် မူလွန်ကျောင်းသာရှိသည် အလယ်တန်းကျောင်းကို(၃)မိုင်ခန့်ကွာဝေးသော ရွာသစ်ကြီးကျေးရွာတွင် သွားတက်ရပါသည်။ မူလွန်ပညာရေးကို မိဘခန့်ဆရာများငှား၍ စတင်ထားကြသည်။ မူလတန်းကျောင်းတွင်အမိုး၊ နံရံ၊ ပြုပြင်ရန်နှင့် မူလွန်ကျောင်းတွင် မျက်နှာကျက်၊နံရံ၊ပြုပြင်ရန်လိုအပ်ပါသည်။ မူကြိုကျောင်းကို ရွာသားများ ကိုယ့်အားကိုယ်ကိုးဖြင့်ပြုလုပ်ထားပါသည်။

သောက်သုံးရေအတွက်၊နွေကာလ(၄)လတွင် လက်နှိပ်ပိုက်တံကင် ၁၅ တွင်းသာနွေရေ ရသဖြင့် အားလုံးစုပေါင်းအသုံးပြုနေကြရသည်။ ရေအရောင်မကောင်းခြင်း၊ အနံ့မကောင်းခြင်းများကြောင့် သောက်သုံးရေအတွက်အသုံးပြုရန်ခက်ခဲပါသည်။ ထို့ကြောင့်သန့်ရှင်းသော သောက်သုံးရေသန့် လုံလောက်စွာရရှိရန် အဝီစိတွင်းတူးဖော်ခြင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသော လူငယ်ရှမ်းအက၊ အဆိုအဖွဲ့များရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်းလုပ်ဆောင်ကြသည်။ ဖျော်ဖြေရေးအတွက် တီဗွီ၊ ဗွီဒီယိုနှင့် ရေဒီယိုလိုင်းများကို ဖမ်းယူနာဆင်းခြင်းဖြင့် အပန်းဖြေကြသည်။ ကျေးရွာအားကစားကွင်း မရှိသော်လည်း နှစ်စဉ်အားကစားပြိုင်ပွဲ ဂင်ရောက်ယှဉ်ပြိုင်ကြသည်။ ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရေးအတွက် ကျေးရွာအားကစားကွင်းရရှိရန်အတွက် မြေဧရိယာ (၂) ဧက ဝယ်ယူခြင်းဖြင့် ဘောလုံးအားကစားကွင်းနေရာ ဆောင်ရွက်ရန် အစီအစဉ်ရှိကြသည်။ နိုင်ငံရေးအခြေအနေ တည်ငြိမ်သောဒေသဖြစ်သော်လည်း ရွာနှင့်အနီးပတ်ဝန်းကျင်များတွင် လူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။

## (ဇ) အခြေခံအဆောက်အဦ–လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကုန်ထုတ်လမ်းနှင့်ဆက်စပ်နေသော ရွာတွင်လမ်း ပျက်ဆီးနေခြင်းကြောင့် သီးနှံသိုလှောင်ရန်အတွက် သယ်ယူရာတွင်ခက်ခဲနေခြင်းကြောင့်၊ ကျောက်ချောလမ်းအဖြစ်ပြုလုပ်ရန် လိုအပ်ပါသည်။ ရွာအတွင်းနှင့် ပတ်ဝန်းကျင်များတွင် ချောင်းမြောင်းများ ဖြတ်နေသဖြင့် ရွာလမ်းများကို ကွန်ဂရစ်တံတား(၆)စင်း၊ သစ်သားတံတား(၂)စင်း စုစုပေါင်းတံတား(၈)စင်းဖြင့် ချိတ်ဆက်ထားရှိပါသည်။သစ်သားတံတား(၂)စင်းနှင့်ကွန်ဂရစ်တံတား(၃)စင်းစုစုပေါင်းတံတား(၅)စင်းပြုပြင်ရန်လိုအပ်ပါသည်။ သစ်သားတံတား(၁)စင်းမှာ ပြည်ထောင်စုအစိုးရမှ ပြုပြင်ရန်ခွင့်ပြုချက် မကြာမီ ကျလာမည်ဖြစ်သည့်အတွက်၊သစ်သားတံတား(၁)စင်းနှင့်ကွန်ဂရစ်တံတား(၃)စင်းစုစုပေါင်း(၄) စင်း ထပ်မံပြုပြင်တည်ဆောက်ရန်လိုအပ်ပါသည်။ ရေပွန်(၁၀)ခုမှာလည်း မကောင်းတော့သည့်အတွက် အသစ်ပြုလုပ်ရန် လိုအပ်ပါသည်။

လျှပ်စစ်မီးရရှိရန်ကိုယ်အားကိုယ်ကိုးဖြင့်မီးတိုင်များပြုလုပ်ထားပါသည်။ ထရမ်စဖော်မာနှင့်လိုအပ်သောပစ္စည်းများအား ပြည်နယ်အစိုးရထံသို့ တင်ပြထားပါသည်။

နည်းပညာဗဟုသုတများရရှိရန် သတင်းစာ၊ ဂျာနယ်ဂယ်ဖတ်ပါသည်။ လူငယ်များဗဟုသုတနှင့် အတွေးအခေါ် ကောင်းစေရန်အတွက် စာကြည့်တိုက်လိုအပ်ပါသည်။

## (ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ရွာတွင်လုံခြုံရေးစနစ်မရှိသော်လည်း ရွာသားများတွင် တယ်လီဖုန်းဆက်သွယ်ရေး ကိရိယာများရှိသောကြောင့် သတင်းအချက်အလက်များကို အချိန်မီရရှိနိုင်သည်။ ကျန်းမာရေး အသက်အာမခံလုပ်ငန်းများနှင့် ချိတ်ဆက်မှုမရှိကြပါ။ မူးယစ်ဆေးဝါးရောင်းဂယ်မှု၊ သုံးစွဲမှုရှိသဖြင့် လူငယ်များအတွက်စိုးရိမ်ရပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ**

လယ်များမြေဆီသြဇာကောင်းမွန်မှုရှိသည်။ ချောင်းမြောင်းများရှိသဖြင့် ဆည်တည်ဆောက်နိုင်ခြင်းနှင့် မြေအောက်ရေရရှိနိုင်သည့် အခြေအနေကောင်းများရှိသည်။ သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် ထွက်ရှိသောသီးနှံများ လွယ်ကူစွာတင်ပို့နိုင်သည်။

လက်ရှိအခြေအနေတွင် အိမ်ခြံဝင်းကျယ်နှင့် သစ်တောရှိသဖြင့် တိရစ္ဆာန်စာကျက် ရရှိရန် မြေလွတ်လျှောက်ထားနိုင်ခြင်း၊ ငါးမွေးမြူရန် တစ်နှစ်ပတ်လုံးရေရရှိနိုင်ခြင်း၊ မျိုးကောင်းဝက်ကို ကျွမ်းကျင်စွာ မွေးမြူနိုင်ခြင်း ၊ မွေးမြူရေးထွက်ကုန်များကို ရွာအရောက်ဝယ်ယူသည့် ဈေးကွက်ရှိခြင်း၊ အကူအညီများလိုအပ်ပါက ဟိုပင်မြို့နှင့် မိုးညှင်းမြို့တို့ရှိတိမွေးကုဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းစသည့် အခြေအနေကောင်းများရှိသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များမှာ ရေသွယ်မြောင်းများပြုလုပ်နိုင်ရန်၊ စိုက်ပျိုးရေးအထောက်အကူပြု ကိရိယာများဖြစ်သည့် ရိတ်သိမ်းစက်၊ ရေစုပ်စက်များဝယ်ယူရန်နှင့် ကျွဲ၊ နွားတိုးချဲ့မွေးမြူရေး လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စတင်နိုင်ရန် ကာလရှည် ချေးငွေဝန်ဆောင်မှုပေးသည့် နေရာမရှိပါ။

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ အရည်အသွေးမြင့်မားစေရန်အတွက် ရွာသားများအနေနှင့် သိပ္ပံနည်းကျနည်းပညာနှင့် စက်မှုလက်မှုအတတ်ပညာများကို တတ်မြောက်ရန် လိုအပ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျေးလက်နေပြည်သူများကို နည်းပညာဝန်ဆောင်မှုပေးသည့် ဖွံ့ဖြိုးရေးအစီအစဉ်များလုပ်ဆောင်ရန် လိုအပ်နေပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကျေးရွာထွက်ကုန်များကို ဈေးကွက်ကြီးများသို့ တင်ပို့ရောင်းချပါက အချိန်ကုန်ငွေကုန်များမည်ဖြစ်သည်။

**(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင် လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သည်။

(၁) စိုက်ပျိုး မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း

(၂) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသားအရင်းအမြစ် တိုးပွားလာနိုင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

(၄) ကျေးရွာခြေခံအဆောက်အဦးများ (လမ်းပန်းဆက်သွယ်ရေး၊ အဝီစိတွင်း) ပြည့်စုံစွာရရှိရေး

## (ခ) နည်းဗျူဟာ

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန် လုပ်ဆောင်ရမည့် နည်းဗျူဟာများမှာ

(၁) ကြက်၊ ဝက်၊ နွား၊ ငါးမွေးမြူခြင်းကို စီးပွားဖြစ် မွေးမြူရန်နှင့် သီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းထွက်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် ဈေးကွက်ဗဟိုချက်အဖြစ် မိုးညှင်းနှင့်ဟိုပင်မြို့တွင် ကုန်စည်ဒိုင်များဖွင့်လှစ်၍ ဈေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း၊ ရွာသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အသက်မွေးဝမ်းကျောင်း သင်တန်းများပို့ချပေးနိုင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးအောင်ဆောင်ရွက်ခြင်းနှင့် သီးနှံစိုက်ပျိုးရန် လိုအပ်သော ဆည်တည်ဆောက်ခြင်းနှင့် ရေသွယ်မြောင်းပြုလုပ်ရန်လိုအပ်ပါသည်။ ရေစုပ်စက်၊ ရိတ်သိမ်းစက် စသည့် လုပ်ငန်းသုံးကိရိယာများဝယ်ယူရန် ကာလရှည် ချေးငွေဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လက်လှမ်းမီအောင်ပြုလုပ်ခြင်းလယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် စပါး၊ ပဲအမျိုးမျိုး၊ သစ်သီး သီးနှံများ၊ ဟင်းသီးဟင်းရွက်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး မျိုးကောင်းမျိုးသန့် လက်လှမ်းမီရေးနှင့်ရာသီအလိုက် ဖြစ်ပွားသောရောဂါ ကာကွယ်ဆေးထိုးခြင်း လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း

(၂) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော အထူးသဖြင့် မူးယစ်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးလုပ်ဆောင်နိုင်ရန် မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာ ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာ အကူအညီများရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်အလယ်တန်းကျောင်းခွင့်ပြုချက်နှင့်အစိုးရခန့်စာသင်ဆရာ/မများရရှိရန်လိုအပ်နေပါသည်။လုပ်ငန်းအခွင့်အလမ်းများရရှိရန် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပညာတတ်မြောက်မှုများ တိုးတက်အောင် ဆောင်ရွက်သွားခြင်း

(၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ အဆောက်အဦ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ရန်လိုအပ်ခြင်း

(၄) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ၊ ငွေကြေးပံ့ပိုးမှုနှင့် ကျေးရွာမှ ဒေသထွက်ပစ္စည်းနှင့် လုပ်အားစိုက်ထုတ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေး အစီအစဉ်များချမှတ်ခြင်း

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာအတွက် အရေးကြီးသော မူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသည့် ပံ့ပိုးမှုပေးရန်လိုအပ်ချက်မှာ တရားဝင်မြေယာပိုင်ဆိုင်ခွင့်ရရှိရေးဖြစ်ပါသည်။ နိုင်ငံတော်မှမြေယာ တရားဝင်ပိုင်ဆိုင်ခွင့်ကိုပေးနေသော်လည်း၊ မသိနားမလည်ခြင်း၊ ဌာနဆိုင်ရာများထံ ဝင်ထွက်ဆက်ဆံခြင်းတို့ မလုပ်ရဲသဖြင့် စိုက်ခင်းရှိသော်လည်း ဥပဒေအရမပိုင်ဆိုင်ကြခြင်းတို့ ဖြစ်နေကြသည်။ ထိုဖြစ်စဉ်ကို ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်တို့တွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်မှသာ မြေယာအမှုအခင်းများ တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ယခုစာတမ်းတွင် တင်ပြခြင်းဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

ဇီးကုန်းကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏ ဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ယာလုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ် လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေး ကာလရှည်ချေးငွေနှင့် လယ်၊ ယာလုပ်ငန်းချေးငွေဝန်ဆောင်မှုများကို ဒေသနှင့်ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

**အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် မြေဆီသြဇာအားကောင်းသော လယ်၊ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်းတို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက်လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

## (ဓ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအားထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classificationသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)

ဆောင်ရွက်မည့် စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက် သည်(က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ -စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) ငွေကြေးရင်းနှီးမြှပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး(Capacity Building)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ်အထောက်အပံ့။

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု(၄)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေး* | | | | | |
| **ကျန်းမာရေးတိုးတက်လာစေရေး** | ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလက်လှမ်းမီခြင်းရရှိခံစားရအောင်လုပ်ဆောင်ပေးခြင်း | ၁၀၀ | ၁ | • ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်၍ ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း<br>• ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်းမီမှုတိုးတက်ရေး။<br>• ယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။ | • |
| *ပညာရေး* | | | | | |
| **ပညာရေး ဖွံ့ဖြိုးရေး** | ကျေးရွာတွင်ပညာရေးအဆောက်အဦများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် ကျောင်းသူ/သားများအတွက်အေးချမ်းပျော်ရွှင်ဘွယ်နေရာဖန်တီးပေးခြင်း | ၉၃ | ၂ | • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်၍ မူလတန်းကျောင်းနှင့် မူလွန်ကျောင်း ပြုပြင်တိုးချဲ့ခြင်း၊ သင်ကြားရေးဆရာ လုံလောက်ရန်နှင့် ရွာတွင်အလယ်တန်း ပညာရေးသင်ကြားခွင့် ရရှိလာအောင် ဆောင်ရွက်ခြင်း<br>• ကျောင်းသုံးပရိဘောဂများ ဖြည့်တင်းခြင်း၊ | • |
| *အခြား ဝင်ငွေရလုပ်ငန်းများ* | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း** | အလုပ်အကိုင် အခွင့်အလမ်း နှင့် သတင်းအချက်အလက်များရရှိလာစေခြင်း | ၈၂ | ၃ | • စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရန် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ခြင်း။<br>• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု | • |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | သင်တန်းပေးခြင်း။<br>• အသေးစားကုန် ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး။<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုးရေး။ | |
| ***ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ*** | | | | | |
| **ချေးငွေဝန်ဆောင်မှု လုပ်ငန်းများနှင့် လက်လှမ်းမီရေး** | လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီ အောင်ဆောင်ရွက်ခြင်း | ၈၂ | ၄ | • ချေးငွေရရှိရန်ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။<br>• ကျေးရွာ စုငွေ/ချေးငွေ အစီအစဉ်အားပြန် လည်ရေးဆွဲခြင်း။<br>• ချေးငွေအတွက် လိုအပ်သော အထောက်အ ထားများ ပြင်ဆင်ခြင်း။<br>• ကျေးလက်ဦးစီးဌာနသို့ တင်ပြခြင်း။<br>• ကျေးရွာအတွင်းလမ်းပေါ်ရှိတံတား(၄)စင်းနှင့် ရေပြွန်(၁၀)နေရာပြုလုပ်ခြင်း။ | ကျေး/ လက်ဦးစီး |
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ကျေးရွာလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း | ၈၁ | ၅ | • ရွာချဉ်းဆက်လမ်းကိုကတ္တရာအဖြစ်အဆင့် မြှင့်တင်ပြုလုပ်ခြင်း<br>• ရွာတွင်းလမ်း(၁)မိုင်အားကျောက်ချောလမ်း | ကျေး/ လက်ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ပြုလုပ်နိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။<br>• ကျေးရွာအတွင်းလမ်းပေါ်ရှိတံတား(၄)စင်းနှင့်ရေပြွန်(၁၀)နေ ရာပြုလုပ်ခြင်း။ | |
| ***စိုက်ပျိုးရေးကဏ္ဍ*** **သီးနှံတိုးတက်ထုတ်လုပ်ခြင်း** | သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ ဝန်ဆောင်မှုများနှင့် လက်လှမ်းမီ စေခြင်း | ၆၁ | ၆ | • စိုက်ပျိုးရေရရှိရန် လယ်မြေများတွင် ငါးပေါက်တွင်း တူးဖော် ခြင်း လုပ်ငန်းဆောင်ရွက်ရန်။<br>• ဇီးကုန်းချောင်းတွင် ဆည်တည်ဆောက်ခြင်း။<br>• လိုအပ်သော နည်းပညာများအတွက် သင်တန်းများ ပြုလုပ်ခြင်း။<br>• ဈေးကွက်နှင့် သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း။ | • |
| ***အုပ်ချုပ်ရေး ကဏ္ဍ*** ***အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု*** | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း | ၅၈ | ၇ | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊ | ကျေး/လက်ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး၊ ခေါင်းဆောင်မှု နှင့် ငွေကြေးစီမံခန့်ခွဲမှု စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ခြင်း | |
| *ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*<br>**သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | တစ်နှစ်ပတ်လုံးစိတ်ချရသော သောက်သုံး ရေရရှိရေးဆောင်ရွက်ခြင်း | ၃၉ | ၈ | • အဝီစိတွင်းတူးဖော်ခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးရေးဌာန တို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ကျေး/ လက်ဦးစီး |
| *တိရစ္ဆာန် မွေးမြူရေး*<br>**အသားတိုးတက် မွေးမြူထုတ် လုပ်ခြင်း** | တနိုင်နှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရန် | ၃၇ | ၉ | • မြို့နယ် မွေးကုဌာနနှင့် ချိတ်ဆက်ခြင်း၍ ဆိတ်၊ကြက်၊ဝက်၊နွား၊ များကို စီးပွားဖြစ် မွေးမြူခြင်း၊ မွေးမြူရေး ထုတ်လုပ်ရေး အတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း။ | • |

**စီမံကိန်းကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စီမံကိန်းကာလ

| စဉ် | စီမံကိန်း (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလက်လှမ်းမီခြင်းရရှိခံစားရအောင်လုပ်ဆောင်ပေးခြင်း | ၁ | | ✔ | ✔ | | |
| ၂ | ကျေးရွာတွင်ပညာရေးအဆောက်အဦများကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့်ကျောင်းသူ/သားများအတွက်အေးချမ်းပျော်ရွှင်ဘွယ်နေရာဖန်တီးပေးခြင်း | ၂ | ✔ | ✔ | ✔ | | |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းနှင့် သတင်းအချက်အလက်များရရှိလာစေခြင်း | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များအား လက်လှမ်းမီ အောင်ဆောင်ရွက်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | ကျေးရွာလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း | ၅ | ✔ | ✔ | ✔ | | |
| ၆ | သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများနှင့်လက်လှမ်းမီ စေခြင်း | ၆ | ✔ | ✔ | ✔ | | |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ခြင်း | ၇ | ✔ | ✔ | | | |
| ၈ | အဝီစိတွင်းတူးဖော်၍ သောက်သုံးရေ ရရှိအောင်ဆောင်ရွက်ခြင်း | ၈ | ✔ | ✔ | | | |
| ၉ | တနိုင်နှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရန် | ၉ | ✔ | ✔ | ✔ | ✔ | ✔ |

## (၉) ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ်: ငွေလုံးငွေရင်းအသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ်: စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလက်လှမ်းမီခြင်းရရှိခံစားရ အောင်လုပ်ဆောင်ပေးခြင်း | | ✔ | | | |
| ၂ | ကျေးရွာတွင်ပညာရေးအဆောက်အဦများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ကျောင်းသူ/သားများ အတွက် အေးချမ်းပျော်ရွှင်ဘွယ်နေရာဖန်တီးပေးခြင်း | | | ✔ | | |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းနှင့် သတင်းအချက်အလက်များ ရရှိလာစေခြင်း | | ✔ | | ✔ | |
| ၄ | လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | | ✔ | | ✔ | |
| ၅ | ကျေးရွာလမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်း | | | ✔ | ✔ | |

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် - ငွေလုံးငွေရင်းအသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် - စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၆ | သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ ဝန်ဆောင်မှုများနှင့် လက်လှမ်းမီစေခြင်း | | ✔ | ✔ | | |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း | | ✔ | | | |
| ၈ | အဝီစိတွင်းတူးဖော်၍ သောက်သုံးရေ ရရှိအောင်ဆောင်ရွက်ခြင်း | | ✔ | ✔ | | |
| ၉ | တနိုင်နှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန် | | ✔ | ✔ | ✔ | ✔ |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်

ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ

ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များ ကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့် အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

  နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိ ပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### ၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၆ | ၇ | ၁၃ | ၂ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၉ | ၁၇ | ၃၆ | ၅ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၃၉ | ၂၉ | ၆၈ | ၉ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၄၅ | ၃၃ | ၇၈ | ၁၁ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၂၂၅ | ၂၆၆ | ၄၉၁ | ၆၇ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀နှစ်နှင့်အထက် | ၂၂ | ၂၃ | ၄၅ | ၆ | |
| **စုစုပေါင်း** | **၃၅၆** | **၃၇၅** | **၇၃၁** | **၁၀၀** | |
| | | **အိမ်ထောင်စုပေါင်း ၁၂၈** | | | **ပျမ်းမျှလူဦးရေ ၅.၇** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို တစ်အိမ်တက်ဆင်းကောက်ယူသောစာရင်းမှ ရရှိသော သတင်းအချက်အလက်များ(၁-၃ရက်၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

### (၁.၂) လုပ်သားအင်အား

ဇယား (၂) ဇီးကုန်းကျေးရွာ၏ လုပ်သားအင်အား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြားလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၁ | **စိုက်ပျိုးရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၅၁ | ၄၀% | | လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောမိသားစုများဖြစ်သည်။ |
| | • လုပ်သား(လခစား၊နေ့စားလုပ်သား) | ၇၇ | ၆၀% | | လယ်ငှားလုပ်ကိုင်သူများဖြစ်သည်။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၂ | **မွေးမြူရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၁၂၂ | ( ကျွဲ၊ ဝက်၊ကြက်၊ နွား )များကိုတပိုင် |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြားလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| | | | | | တနိုင် |
| | • လုပ်သား(လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၃ | **ငါးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား(လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၄ | **ဓါတ်သတ္တု နှင့်ကျောက် တူးဖော်ခြင်းလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၇၀ | လမ်းခင်းကျောက်စု ရောင်းခြင်း၊ သစ်တိုသစ်စများခွဲ ရောင်းခြင်း |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၅ | **ကုန်ထုတ်လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၁ | ဆန်စက်(၁) လုံးရှိသည်။ |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၆ | **လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား(လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၇ | **ဆောက်လုပ်ရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား(လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြားလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၈ | **စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၂ | ဆိုင်ကယ်ပြင်ဆိုင် (၂)ဆိုင် |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | ၇ | |
| | • မိသားစုဝင်လုပ်အား | | | | |
| | **လက်လီလက်ကား အရောင်းအဝယ်** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၃ | အိမ်ဈေးဆိုင် |
| | • လုပ်သား(လခစား၊နေ့စား လုပ်သား) | | | ၅ | စပါး၊မြေဩဇာများကိုကြားခံဝယ်ရောင်းပွဲစားပြုလုပ်ခြင်း |
| ၉ | **ဟိုတယ်နှင့် စားသောက်ဆိုင်များ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၁ | လက်ဖက်ရည်ဆိုင် (၁)ဆိုင် |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၀ | **ပို့ဆောင်ဆက်သွယ်ရေးနှင့် သိုလှောင်ခြင်း၊** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၄ | သုံးဘီးဖြင့်ကျေးရွာထွက်ကုန်များကိုသယ်ယူပို့ဆောင်ခြင်း |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၁ | **ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြားလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၁၂ | **အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၃ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၄ | **ပညာရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | ၆ | ပညာရေးဝန်ထမ်းများဖြစ်ပါသည်။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၅ | **ကျန်းမာရေး နှင့် လူမှုရေးလုပ်ငန်းများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၆ | **အငှားလိုက်ကျပန်းလုပ်သားများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၇ | **ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စားလုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| | **စုစုပေါင်း** | ၁၂၈ | ၁၀၀% | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို တစ်အိမ်တက်ဆင်းစစ်တမ်းရယူခဲ့သော သတင်းအချက်အလက်များအရ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ ( မြေအသုံးချမှု)

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| လယ်မြေ | (၅၀၃) | ကောင်း | အနည်းအကျဉ်း | ဧက(၁၀၀)ခန့် |
| ယာမြေ | (၁၂၃) | ကောင်း | မရ | - |
| သစ်တောမြေ (နန်းမားကြိုးဝိုင်းအတွင်း) | (၉၀၀) | ကောင်း | မရ | |
| **စုစုပေါင်း** | **၁၅၂၆** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် တစ်အိမ်တက်ဆင်းကောက်ယူခဲ့သော အခြေခံစာရင်းများမှ ရရှိသော သတင်းအချက်အလက်များ (၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

### (၁.၃.၂)ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား(၄)ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| လမ်းခင်းကျောက် | သင့် | လက်လှမ်းမီ (ဗျီးကုန်းချောင်းတွင်းရှိ စမ်းကျောက်များကို စုပုံရောင်းကြသည်။) |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ဆက်ရက် ၊ဂျိုး ဗျိုင်း ကျီး ငှက်ခါး ခါဘုတ် ဖွတ် ကြက်တူရွေး၊ဥသြ၊ အောက်ချင်း၊ သာလိကာ ၊ချေ(ဂျီ) ၊တောဝက် ၊ဆတ်၊ဝံ၊ မျောက် ၊ သင်းခွေချပ်၊ ဖြူး၊တောခွေး၊ မြွေ၊ စပါးကြီး၊ စပါးအုန်း၊ငန်းမွေး၊မြွေဟောက်၊ ပြောင် (တောကျွဲ) စသည့် တောတွင်း တိရိစ္ဆာန် များ အနည်းငယ်ရှိသည်။ |
| အပင်မျိုးစိတ်များ၊(နွားစာ၊ဆေးဘက်ဝင်အပင်များ) | သင့် | နွားစာအနေဖြင့်ကောက်ရိုး၊ကောက်ငုတ်၊မြေပဲပင်၊ပဲပုပ်ပင်၊စသည့်တို့ရှိပြီး၊ဆေးဘက်ဝင်အပင်များအနေဖြင့်ဆင်တုံးမနွယ်၊ဆေးပုလဲ၊ရာမဟွန်၊ရာကိုင်ချိုင်၊မန်းဆေး၊ဆေးမခန်း၊ကြောင် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| | | ရှာ၊ ခွေးလှေးယား၊ကျွဲကောနွယ်၊စိန်သဘော၊ကျွဲတရှဉ်း၊ဝံသဲချေ၊ဆေးခါးကြီး၊ ပရန္နဝါ၊သံမနိုင်ကျောက်မနိုင်ပင်၊တောရှောက်နွယ်၊ဖားပြုတ်ထိုင်တုံး၊ငရုံ့ပတူ၊ သက်ကယ်ကြီးမြစ်၊ဖန်းခါး၊ဇီးဖြူ၊ရေဇီး ဖြူပင်စသည့်တို့ အသင့်အတင့် ရရှိနိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခု နှစ်)

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၂)ဧကမှ(၂၀) ဧကအထက် | (၅)ဧကမှ(၁၂) ဧက | (၄)ဧကအောက် နှင့် လယ်ငှား လုပ်သူများ | အိမ်ခြံသာပိုင် ဆိုင် |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ပျဉ်ခင်း၊တိုက်ခံ၊နှစ်ထပ်၊သွပ်မိုး | ပျဉ်ထောင်၊ပျဉ်ခင်း၊ သွပ်မိုးတစ်ထပ်၊ခြေတိုင်ရှည်အိမ် | ပျဉ်ခင်း၊ဝါးထရံကာ၊သွပ်မိုး။ | ပျဉ်ခင်း၊ဝါးထရံကာ၊သက်ကယ်မိုး၊ |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ခြွေလှေ့စက်၊ဆန်စက်၊နွား၊ | လက်တွန်းထွန်စက်၊ကျွဲ၊နွား၊ | နွားမ(၃)ကောင်မှ(၅)ကောင်၊ | - |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု | ဆိုလာ(၃၀၀)အား၊ရေခဲသေတ္တာ၊တီဗွီ၊ဆိုင်ကယ်(၂)စီး၊ကား၊ လက်ကိုင်ဖုန်း။ | ဖုန်း၊တီဗွီ၊ဆိုင်ကယ်၊ ဆိုလာ(၃၀၀)အား | ခေါက်တီဗွီ၊ဆိုင်ကယ်တစ်ပတ်နွမ်း၊ဖုန်း၊ဆိုလာအသေး၊မီးထွန်းရန်။ | ခေါက်တီဗွီ၊ဆိုလာအသေး၊မီးထွန်းရန် |
| အခြားပိုင်ဆိုင်မှု | စပါးအရောင်းအဝယ်၊အိမ်ဆိုင်။ | လယ်လုပ်၊အခင်း(ယာ)လုပ်၊လမ်းခင်း ကျောက်ကောက်ထုပြီးရောင်း၊မှော်ထဲ | လယ်စု(လယ်ငှား)လုပ်၊ကျောက်ကောက်ရောင်း၊အခင်းငှားလုပ်၊အသီးရွက်ခူး | ကျောက်ကောက်ရောင်း၊စပါးရိတ်၊ကောက်စိုက်၊ထင်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| | | သွားနေ့စား၊ လစားလုပ်။ | ရောင်း၊ထင်းရှာ ရောင်း။ | ခွေရောင်း၊မျှစ် ချိုးရောင်း။ |
| **စုစုပေါင်းအိမ်ခြေ** | **(၂၂) အိမ် ၁၇%** | **(၁၇)အိမ် ၁၃%** | **(၃၇)အိမ် ၂၉%** | **(၅၂)အိမ်၄၁%** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ ခုနှစ်)

## (၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

### (၁.၅.၁)ဝမ်းစာဖူလုံမှု

ဇယား(၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂ | ၇ | လုပ်အားကိုစပါးစိမ်းယူ၍ကြိုရောင်းထားခြင်း၊ ငွေတိုးယူခြင်း၊ လုပ်အားခကြိုယူခြင်း၊စသည့်တို့ဖြင့်ဖြေရှင်းရပါသည်။ |
| ၃ လနှင့် ၅ လအထိ | ၁၂ | ၄၀ | စပါးစိမ်းယူခြင်း၊ငွေတိုးယူခြင်း၊ လုပ်အားကြိုရောင်းခြင်းစသည့်ဖြင့် ဖြေရှင်းကြပါသည်။ |
| ၆လမှ၁၂လအထိ | ၁၆ | ၅၃ | စပါးစိမ်းယူခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခု နှစ်)

### (၁.၅.၂)ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | - | - | - |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | | | |
| | | | အိမ်ထောင်စု အရေအတွက် | |

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | - | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၁ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | | - | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

မှတ်ချက်။ ။ မုဆိုးဖို(၁)ဦးမှာကလေး(၃)ယောက်ရှိပြီးဆင်းရဲပင်ပန်းစွာဝမ်းစာရှာဖွေနေရပါသည်။ မသန်စွမ်းသူ(၁)ဦးမှာ(၅)တန်းအထိပညာသင်ကြားရပြီးမိဘစောင့်ရှောက်မှုရှိပါသည်။မှတ်ဉာဏ်ချို့ယွင်းသူတစ်ဦးလည်းရှိပါသည်။ မိသားစု စောက်ရှောက်မှုရှိပါသည်။

## (၁.၅.၃)ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား(၈)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | လုပ်ငန်းရှားပါးချိန်တွင်ချေးငှားစားသောက်ရပါသည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...) | လတ် | လယ်မြေများတိုးချဲ့နိုင်ရန်မြေမရှိခြင်း စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ ချောင်းမြောင်းများတိမ်ကောစပြုလာခြင်း |
| ၄ | မိုးခေါင်ခြင်း | လတ် | အောင်ရေသွင်းချိန်ရောက်သော်လည်းရေမရ၍အခက်ကြုံရပါသည်။ |
| ၅ | မုန်တိုင်း | နိမ့် | ထိခိုက်မှုမရှိပါ။ |
| ၆ | ငလျင် | နိမ့် | ထိခိုက်ပျက်စီးမှုမရှိပါ။ |
| ၇ | ငှက်ဖျားရောဂါ | နိမ့် | အသက်ဆုံးရှုံးမှုမရှိပါ ။ |
| ၈ | တီဘီရောဂါ | နိမ့် | မရှိပါ ။ |
| ၉ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | အိပ်ချ်အိုင်ဗွီဝေဒနာသည်(၃)ဦးလက်ရှိဆေးစားနေပါ သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခု နှစ်)

## (၁.၅.၃)မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား (၉)ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မူးယစ်ဆေးဝါးသုံးစွဲမှုများရှိသဖြင့် လူငယ် များထိခိုက်နိုင်မှုရှိပါသည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | လတ် | အလုပ်ရှားပါး သည့်အချိန်တွင် အလုပ်လုပ်ရန်အခက်အခဲရှိခြင်း ကြောင့်ထိခိုက်နိုင်ပါသည်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ် | အလုပ်အကိုင်ရှားပါးသည့်အချိန် တွင် နာမကျန်း ဖြစ်လျှင် ဆေးကု သစရိတ် မတတ်နိုင်သဖြင့် အသက် အန္တရာယ်ထိခိုက်နိုင်ပါသည်။ |
| ၄ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | လယ်ယာလုပ်ငန်းမရှိချိန်နှင့်အလုပ် ရှားပါးချိန်တွင်စားဝတ်နေရေးအ တွက် ငွေချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်း ဖြင့် ဖြေရှင်းကြ |
| ၅ | ဆေးစွဲသူများ | လတ် | မူးယစ်ဆေးသုံးစွဲခြင်းများကြောင့်မ သန့်ရှင်းသောဆေးထိုးအပ်မှတဆင့် အိပ်ချ်အိုင်ဗွီ၊ပိုးကူးနိုင်ခြင်း |
| ၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | အိပ်ချ်အိုင်ဗွီ၊ရောဂါရရှိထားပြီးဆေး သောက်နေသူများနှင့် ၎င်း၏ မိသားစုဝင်များမှာ ကျန်းမာအောင် နေထိုင်ပြုမူရမည့်များကိုဂရုတစိုက် လိုက်နာခြင်း မရှိပါက ခင်ပွန်း၊ ဇနီး၊သားသမီးများသို့ကူးစက်နိုင်ပါ သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခုနှစ်)

## (၂)လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### (၂.၁.၁)ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၀)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၁၀ | - | ၁၀ | ဘာသာရေး လုပ်ငန်း ဆောင်ရွက်ရန် | ၄ | ၇ |
| ၂ | ပေါ်ခိန်မယ် ခိန်(အိမ် ထောင်သည် အမျိုးသား၊ အမျိုးသမီး အများအဖွဲ့) | ၂ | - | ၈ | ၈ | သာရေး နာရေးကိစ္စ ဆောင်ရွက်ရန် | ၄ | ၇ |
| ၃ | အပျိုလူပျို အဖွဲ့ | ၂ | ၁ | ၁ | ၂ | ။ | ၄ | ၇ |
| ၄ | ကျောင်း ကော်မတီ | ၂ | ၁၀ | - | ၁၀ | ပညာရေး တိုးတက်ရန် | ၄ | ၇ |
| ၅ | စိမ်းလန်း စိုပြေရေး | ၁ | ၇ | - | ၇ | သဘာဝပတ် ဝန်းကျင်ထိန်း သိမ်းရေး | ၅ | ၇ |
| ၆ | မေတ္တာ ဖောင်ဒေး ရှင်း (ဂက်ဘဏ်) | ၁ | - | ၃ | ၃ | မွေးမြူရေး | ၅ | ၇ |
| ၇ | မေတ္တာ ဖောင်ဒေး ရှင်းစပါး ဘဏ် | ၁ | - | ၄ | ၄ | စပါးလှည့်ပတ် ရံပုံငွေ | ၅ | ၆ |
| ၈ | အီးစီစီဒီ | ၂ | ၇ | - | ၇ | ကလေးသူငယ် ဖွံ့ ဖြိုးရေး အတွက် | ၅ | ၆ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခု နှစ်)

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## (၂.၁.၂)ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား(၁၁)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မေတ္တာဖောင်ဒေးရှင်း | ၂ | ဝက်ဘဏ်၊စပါးဘဏ်၊မူကြိုကျောင်းအရှည်တည်တံ့ရေး စသည့်တို့ဆောင်ရွက်ပေးသည်။ |
| ၂ | အီကိုဒက် | ၂ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ခုနှစ်)

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၃) **စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊**

(၂.၃.၁) **စိုက်ပျိုးရေးသီးနှံ**

(၂.၃.၁.၁ )**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု**

ဇယား (၁၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှု အရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၇ | ၆၀ | မြေမဲ့ယာမဲ့များ |
| ၂ | ၂.၅ဧကအောက် (၁ဟတ်တာထိ) | ၅ | ၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ ကထိ (၂ ဟတ်တာထိ) | ၁၆ | ၁၂.၅ | တောင်သူငယ်များ |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာထိ) | ၂၀ | ၁၅.၅ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၁၀ | ၈ | တောင်သူကြီးများ |
| | **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | **၁၂၈** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ခုနှစ်)

မှတ်ချက်။ ။ တောင်သူငယ်များသည် လယ်လုပ်ငန်းအပြင် အခြားဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ တောင်သူလတ်များသည်လယ်လုပ်ငန်းအပြင်နွားငှားခြင်း၊ လယ်ယာသုံးကိရိယာငှားခြင်း၊ လက်တွန်းထွန်စက်ငှားရမ်းခြင်း၊ စပါးစိမ်းပေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များပွဲစားလုပ်ခြင်း၊ အိမ်ဆိုင်တည်ခြင်းစသည့် ဝင်ငွေရလုပ်ငန်းများကို လည်းလုပ်ကိုင်ကြပါသည်။ တောင်သူကြီးများသည် လယ်များသဖြင့်လယ် အငှားပေးခြင်း၊ မွေးမြူရေးလုပ်ကိုင်ခြင်း စသည့် လုပ်ငန်းများနှင့်အခြားဝင်ငွေ ရလုပ်ငန်းများလည်း လုပ်ကိုင်ကြပါ သည်။

### (၂.၃.၁.၂)အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃)ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | ပုဂ္ဂလိက | (၁၀၀)ခန့် | ဇီးကုန်းလယ်(၁၀၀)ဧကမိုးတွင်း အောင်ရေရရှိသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

### (၂.၃.၁.၃ )အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| စပါး | ၅၀၃ | တင်း | ၈၀ | ၁၀၀ | ၉၀ | ဇွန်လမှ ဩဂုတ်လဆန်းအထိ | မြင့် | လတ် | စပါးဈေးအနိမ်ခံရသည့်အတွက်ဆင်းရဲသောတောင်သူငယ်များ ဝမ်းစာ ဖူလုံမှုမရရှိ |
| ပဲပုပ် | ၃၇၀ | တင်း | ၅ | ၁၅ | ၁၀ | မိုးတွင်းတွင်ဇူလိုင်လနှင့် ဆောင်းတွင်း ဒီဇင်ဘာ | လတ် | မြင့် | ကြဲစိုက်ရသည့်အတွက်စိုက်စရိတ်ကုန်ကျသက်သာပါသည် |

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| မြေပဲ | ၁၂၃ | တင်း | ၃၀ | ၅၀ | ၄၀ | ။ | လတ် | လတ် | စားသုံးရန်အတွက်သာစိုက်ပျိုးကြသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

### (၂.၃.၁.၄)လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅)ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စုအရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| လက်တွန်းထွန်စက် | (၂၇) | - | (က)အဆင့်နှင့်(ခ)အဆင့်မှပိုင်ဆိုင်ကြပါသည်။ |
| ခြွေလှေ့စက် | (၃) | - | (က)အဆင့်မှပိုင်ဆိုင်ကြပါသည်။ |
| မြက်ဖြတ်စက် | (၁၀) | - | (၁၀)အိမ်(၁၀)လုံးပိုင်ဆိုင်ကြပါသည်။ |
| ရေစုပ်စက် | (၄) | - | (၄)အိမ်(၄)လုံးပိုင်ဆိုင်ကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

### (၂.၃.၁.၅ ) **သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ**

ဇယား(၁၆)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | **ရှိ** | လယ်ယာသစ်တောစိုက်ပျိုးမြေရရှိရန်ကျေးရွာအစုအဖွဲ့ပိုင်သစ်တောတရားဝင်ခွင့်ပြုချက်ရရှိပါက |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | ပဲပုပ်၊ မြေပဲစိုက်ဧကများကို တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | ဇီးကုန်းချောင်းတွင်ရေလွှဲဆည် တည်ဆောက်နိုင်ခြင်း၊ လယ်များ ရေရရှိရန်အတွက် အခြေအနေကောင်းများရှိပါသည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | ရှိ | ကောက်ရိုးငုတ်များ၊စပါးမှော်များ၊ပဲပုပ်နှင့်မြေပဲပင်များ၊ ပဲပုပ်အပင်များမှ၊ သဘာဝမြေသြဇာ ရရှိနိုင် ပါသည်။ |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | ရှိ | သမအသင်းနှင့်လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ စိုက်ပျိုးစရိတ် ချေးငွေများထုတ်ယူနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | မြေသြဇာ၊ပိုးသတ်ဆေး၊မျိုး၊စသည့်တို့အားမိုးညှင်းမြို့နှင့်ဟိုပင် မြို့တို့မှဝယ်ယူနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့တွင်စိုက်ပျိုးရေးဌာနမှ ပညာပေးဟောပြောပွဲများ၊မျိုးစပါးဝယ်ယူနိုင်ရေးများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | မိုးညှင်းမြို့နှင့်ဟိုပင်မြို့မှကုန်သည်များကကျေးရွာအရောက်၊စပါး၊ မြေပဲ၊ပဲပုပ်များ အားလာရောက်ဝယ်ယူကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာ လ၊၂၀၁၅ခုနှစ်)

## (၂.၃.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | သစ်တောပလပ်မြေအတွင်းစိုက်ပျိုးလုပ်ကိုင်နေသောယာမြေများမှာလုပ်ပိုင်ခွင့်စာအုပ်သာပေးထားသဖြင့် အချိန်မရွေးပြန်လည် ဆုံးရှုံးနိုင်ပါသည်။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | လုံလောက်သောချေးငွေဝန်ဆောင်မှုမရရှိခြင်း |
| သွင်းအားစုတတ်နိုင်မှု | ရှိ | မြေသြဇာ၊မျိုး၊လုပ်အားခ၊ပိုးသတ်ဆေးများဝယ်ယူရန်ငွေကြေးမလုံလောက်ခြင်း၊ စိုက်ပျိုးချိန်အမီလယ်များအားလုံးစုပြုံစိုက်ပျိုးကြသဖြင့်လက်တွန်း |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | ထွန်စက်ငယ်များမလုံလောက်ဖြစ်ရသည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | ဖားကန့်ဒေသများရှိရွှေမှော်၊ ကျောက်မှော်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြသဖြင့်၊ လုပ်သားအင်းအားအခက်အခဲရှိသည် |
| မိုးရေမလုံလောက်မှု | ရှိ | မြစ်ချောင်းများနှင့် ဝေးသောလယ်များမှာ မိုးရေဖြင့် စပါးအောင်ရေမရရှိနိုင်သဖြင့် အထွက်နှုန်းကျဆင်းကာ ဆုံးရှုံးမှုများရှိသည် |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ပဲသီးချိန်တွင်သီးလုံးဖောက်ပိုးများကျရောက်သည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | သီးနှံရောဂါကာကွယ်နှိမ်နင်းရေးကိုအချိန်မီနှိမ်နင်းနိုင်မှုအားနည်းပါသည်။ |
| ဈေးကွက်လက်လှမ်းမီမှု | ရှိ | ဈေးကွက် နှင့် ဝေးခြင်း၊ ကုန်စည်ဒိုင်များမရှိခြင်းကုန်ပစ္စည်းများထားရန်သိုလှောင်ရုံမရှိသည့်အတွက် ရသမျှဈေးဖြင့်ရွာတွင် ရောင်းချရသည့်အတွက် အမြတ်ရရှိမှုနည်းခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

## (၂.၃.၂ )မွေးမြူရေးနှင့်ငါးလုပ်ငန်း

### (၂.၃.၂.၁)မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| ဆင် | ၂ | တစ်အိမ်တွင်ဆင်နှစ်ကောင်ပိုင်ဆိုင်သည် |
| နွား | (၉၇) | (၄၇၆)ကောင်အပိုဝင်ငွေရရှိရန်နှင့်ခိုင်းရန်အတွက် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ |
| ကျွဲ | (၆) | (၂၇)ကောင်လယ်ယာလုပ်ငန်းတွင်ခိုင်းရန်အတွက်တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ |
| ဝက် | ၄၈ | (၁၂၅)ကောင်အပိုဝင်ငွေရရှိရန်တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ |
| ကြက် | ၈၀ | (၆၉၄)ကောင်စားသုံးရန်၊အရေးပေါ်ငွေအနည်းငယ်လိုအပ်သောအခါတွင်ရောင်းချရန်အတွက်တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် တစ်အိမ်တက်ဆင်း စစ်တမ်းကောက်ယူခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

### (၂.၃.၂.၂)မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား( ၁၉)မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | ကျေးရွာအစုအဖွဲ့ပိုင်သစ်တောရရှိရန် လျှောက်ထားသည့်နေရာတွင် တိရိစ္ဆာန်များ အတွက်စာကျက်မြေလျာထားသည်မြေနေရာရှိပါသည်။ |
| ရေရရှိမှု | ဇီးကုန်းချောင်းနှင့်ဆူးပုပ်ချောင်းတို့တွင်တိရ စ္ဆာန်သောက်သုံးရေရရှိနိုင်ပါ သည်။ |
| တိရ စ္ဆာန်မျိုး | ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့ရှိမွေးကုဦးစီးဌာနတို့နှင့်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။(ကျေးရွာလုည့်ပတ်မွေးမြူသည့်ဘဏ်မှလည်းဒေသဝက်မျိုးနှင့် မျိုးကောင်းဝက်မျိုး ရရှိနိုင်ပါသည်။) |
| ချေးငွေ | ကျေးရွာရှိစပါးဘဏ်၊မှချေးယူနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | ဝက်စာဖြစ်သော၊ဖွဲ့၊ဆန်ကွဲ၊များကို၊ကျေးရွာရှိဆန်စက်တွင်ဝယ်ယူရရှိနိုင်ပြီးကျေးရွာမြောင်းဘေးများတွင်ဝက်စာအဖြစ်ပိန်းပင်များလည်းရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | ကျေးရွာတွင်မွေးမြူရေးသင်တန်းဆင်း(၁)ဦးရှိပြီးရောဂါကာကွယ်ရေးနှင့်စနစ်တကျမွေးမြူရေးအတွက်မေးမြန်းဆောင်ရွက်နိုင်ပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ဝက်၊ကြက်၊စသည့်တို့အားကျေးရွာအထိလာရောက်ဝယ်ယူပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အနည်းငယ်ကျယ်ဝန်းသောအိမ်ခြံမြေများရှိကြသည့်အတွက်တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ခုနှစ်)

### (၂.၃.၂.၃)မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | မွေးမြူရေးလုပ်ငန်းအတွက်လုံလောက်သော ပမာဏဖြင့်ချေးငွေထုတ်ချေးပေးသောအဖွဲ့မရှိသေးပါ။ |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | နွားတွင်၊ခွာနာလျှာနာ၊ကျွဲလည်ကျပ်နာ၊ကြက်နာရောဂါ၊ ဝက်နားရွက်ပြာရောဂါများဖြစ်လျှင် မျိုးပြုန်းသည်အထိ ဖြစ်နိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | အစာ၊ဆေး၊မျိုးဈေးကြီးသည့်အတွက်စီးပွားဖြစ်မွေးမြူ ရန်အခက်အခဲရှိပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | မွေးမြူရေးတိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင်အကူအ ညီပေးသည့် လုပ်ငန်းရှင်များ ဈေးကွက်များ မရှိသေးခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ရောင်းဝယ်မှုအတွက်ဟိုပင်နှင့်မိုးညှင်းမြို့တို့တွင်ဈေး ကွက်များရှိသော်လည်း၊ သယ်ယူစရိတ်မြင့်မားခြင်းတို့ ကြောင့် ကျေးရွာတွင်ပင် ရသည့်ဈေးဖြင့် ရောင်းကြပါ သည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | မွေးမြူရေးသင်တန်းဆင်း(၁)ဦးရှိသော်လည်း၊ ကျွမ်းကျင် စွာမကုနိုင်ခြင်းမရှိခြင်း |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအ တွက် လိုင်စင်လက်လှမ်းမီမှု | မွေးမြူရေးကိုစီးပွားဖြစ် လုပ်ဆောင် ဖူးခြင်း မရှိသဖြင့် လုပ်ငန်း/ နှင့် သားထုတ်လုပ်မှုလိုင်စင်များလက်လှမ်းမီ အောင်မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဆိုသော၊ အတွေ့ အကြုံ အသိမရှိသေးပါ။ (လိုင်စင်ရရှိရန်ဆောင်ရွက်ရာတွင် လည်းဈေး မြင့်ပြီး အချိန်ကြာခြင်း၊ရရှိရန်မသေချာခြင်းများရှိသဖြင့် အခက်အခဲကြုံရပါသည်။) |

